COVID-19 ကမ္ဘာ့ကပ်ရောဂါ နှင့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ

# ရှမ်းပြည်နယ်အတွင်း လေ့လာဆန်းစစ်မှု



ရှမ်းပြည်နယ်တွင် quarantine စင်တာမှ စေတနာ့ဝန်ထမ်းတစ်ဦးက နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများအား တစ်ကိုယ်ရည်သုံး ကျန်းမာရေးပစ္စည်းများ ဝေပေးနေစဉ်။ © အိုင်အိုအမ် ၂၀၂၀

## ခြုံငုံသုံးသပ်ခြင်း

ယခု လေ့လာအကဲခတ်မှုအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အိုင်အိုအမ်၏ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုဖြင့် ပါရမီဖွံ့ဖြိုးရေးကွန်ယက် (Parami Development Network – PDN) မှ ကောက်ယူခဲ့ပါသည်။ ယခု လေ့လာအကဲခတ်မှုသည် ရှမ်းပြည်နယ်၏ မြို့နယ် ၁၀ မြို့နယ်အား လွှမ်းခြုံခဲ့ပြီး ဟိုပုံး၊ ရပ်စောက်၊ နမ့်စမ်၊ တောင်ကြီး၊ ညောင်ရွှေ၊ လွိုင်လင်၊ မောက်မယ်၊ ပင်လောင်း၊ ဆီဆိုင် နှင့် လဲချား မြို့နယ် တို့ဖြစ်ပါသည်။[၁] လေ့လာအကဲခတ်မှု၏ ရည်ရွယ်ချက်များမှာ –

၁ နေရပ်ပြန်လာသူများနှင့် ၎င်းတို့၏ အသိုင်းအဝန်း/ ရပ်ရွာကြား တွေ့ကြုံရသော အခက်အခဲများနှင့် အနာဂါတ် ရည်မှန်းချက်များကို သိရှိနားလည်ရန်။

၂ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နေရပ်ပြန်များ ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ဖြေရှင်းရာတွင် သက်သေအထောက်အထားအခြေပြုသည့် တုန့်ပြန်မှုအား အထောက်အကူဖြစ်စေရန်။

## ရွှေ့ပြောင်းအလုပ်လုပ်ရာမှ နေရပ်သို့ ပြန်လာခြင်း

နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ ၂,၃၁၁ ဦးကို ကောက်ခံခဲ့သော လေ့လာဆန်းစစ်မှု (စစ်တမ်း)အရ ရှမ်းပြည်နယ်သို့ ပြန်လာသူ ၃၆၂ ဦး ရှိပြီး အမျိုးသား ၁၈၃ ဦး နှင့် အမျိုးသမီး ၁၇၉ ဦးဖြစ်သည်။ ရှမ်းပြည်နယ်၏ နေရပ်ပြန် ၉၅ ရာခိုင်နှုန်းမှာ ပြည်ပမှ ပြန်လာသူများ ဖြစ်ပြီး ၅ ရာခိုင်နှုန်းမှာ ပြည်တွင်းနေရပ်ပြန်များ ဖြစ်ကြသည်။[၂] ရှမ်းပြည်နယ်၏ လေ့လာဆန်းစစ်မှုအတွက် ကောက်ခံခဲ့သော ပြည်ပရွှေ့ပြောင်းသွားလာသူ စုစုပေါင်း ၃၄၅ ဦးထဲတွင် ၃၁၃ ဦး (၉၀ရာခိုင်နှုန်း) မှာ ထိုင်းနိုင်ငံမှ ပြန်လာသူများဖြစ်ပြီး ၃၂ ဦး (၉ %) မှာ တရုတ်နိုင်ငံမှ ပြန်လာသူများဖြစ်ကြသည်။

ရှမ်းပြည်နယ်၏ နေရပ်ပြန်ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ ၃၃ ရာခိုင်နှုန်းမှာ COVID-19 ကပ်ရောဂါကို ကြောက်ရွံ့သောကြောင့် ပြန်လာသည်ဟု ဖြေဆိုခဲ့သည်။ နေရပ်ပြန်များထဲမှ ၁၇ ရာခိုင်နှုန်းမှာ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် အလုပ်ဆုံးရှုံး၍ ပြန်လာခဲ့သည်ဟု ဖြေဆိုပြီး၊ ၁၅ ရာခိုင်နှုန်းမှာ အခြားအကြောင်းပြချက်ကြောင့်

[၁] စစ်တမ်းကောက်ယူမှုတွင် အသုံးပြုခဲ့သည့် နည်းစနစ်အသေးစိတ်နှင့် လေ့လာတွေ့ရှိချက် အပြည့်အစုံကို အစီရင်ခံစာတွင် ကြည့်ရှုပါရန်။

[၂] တင်ပြပုံအစီရင်ခံစာ ရည်ရွယ်ချက်အတွက် ရာခိုင်နှုန်း ကိန်းဂဏန်းများကို ရာနှုန်းပြည့် အနီးစပ်ဆုံး အတိုချုပ်ဖော်ပြထားပါသည်။ ဒသမကိန်းများကြောင့် ၁၀၀ ရာခိုင်နှုန်း အပြည့် မဖော်ပြနိုင်ခြင်းဖြစ်ပါသည်။

Funding for this assessment was provided by the Livelihoods and Food Security Fund (LIFT)


ပြန်လာခဲ့သည် (သို့သော်ကမ္ဘာ့ကပ်ရောဂါနှင့် ဆက်စပ်မှုရှိနေဆဲဖြစ်သည်) ဟု ဖြေဆိုခဲ့ကာ ၁၁ ရာခိုင်နှုန်းမှာမူ မိသားစုများမှ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် နေရပ်သို့ ပြန်လာရန် တောင်းဆိုသဖြင့် ပြန်လာခြင်းဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။ အခြားသော ၂၂ ရာခိုင်နှုန်းမှာ သကြန်ပိတ်ရက်များကြောင့် (၁၀ ရာခိုင်နှုန်း)၊ အလုပ်လုပ်ကိုင်ရာနိုင်ငံတွင် ခက်ခဲမှုများရှိလာခြင်းကြောင့် (၂ ရာခိုင်နှုန်း)၊ COVID-19 ကြောင့် အသွားအလာကန့်သတ်ခြင်းမှ ရှောင်ရှားလိုခြင်းကြောင့် (၁ ရာခိုင်နှုန်း) နှင့် ကမ္ဘာ့ကပ်ရောဂါ နှင့်ဆက်စပ်မှုမရှိသော အကြောင်းပြချက်များဖြင့် (၉ ရာခိုင်နှုန်း)စသည့် အကြောင်းပြချက်အသီးသီးကို ဖြေဆိုခဲ့ကြသည်။

ရှမ်းပြည်နယ်သို့ ပြန်မလာခင် ၁၈ ရာခိုင်နှုန်းသော ရွှေ့ပြောင်းသွားလာသူများမှ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ ခံစားခဲ့ရသည်ဟု ဖြေဆိုပြီး (အမျိုးသား ၁၈ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၁၇ ရာခိုင်နှုန်း) ၊ ၁၅ ရာခိုင်နှုန်းမှာမူ ခွဲခြားဆက်ဆံခံရခြင်း/နှိမ်ချအပြစ်တင်ခြင်း (stigma) ကို ခံစားခဲ့ရသည်ဟု ဖြေဆိုခဲ့ပါသည်။ (**ဇယား - ၁** ကိုကြည့်ပါ)။ အမျိုးသမီး ၁၄ ရာခိုင်နှုန်းထက် အနည်းငယ်ပိုသော အမျိုးသား ၁၇ ရာခိုင်နှုန်း မှ ၎င်းတို့ ခွဲခြားဆက်ဆံခံရခြင်း/နှိမ်ချအပြစ်တင်ခြင်း (stigma) ကို ခံစားခဲ့ရသည်ဟု ဖြေဆိုခဲ့ပါသည်။ ၆၀ ရာခိုင်နှုန်းသော နေရပ်ပြန်များမှာမူ လေ့လာအကဲခတ်မှုတွင် ဖော်ပြပါရွေးချယ်စရာများသည် ၎င်းတို့နှင့် ဆက်စပ်မှုမရှိဟု ဖြေဆိုခဲ့ပါသည်။

ဖြေဆိုသူ ထက်ဝက်ကျော်ကျော် ၅၄ ရာခိုင်နှုန်း (ပြည်တွင်း နှင့် ပြည်ပရွှေ့ပြောင်းသွားလာသူများ)မှ ၎င်းတို့ နေရပ်မပြန်မီကတည်းက အလုပ်ဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း ဖြေဆိုပြီး၊ အခြား ၃၈ ရာခိုင်နှုန်းကမူ လိမ်လည်ခံရခြင်း၊ မတရားအမြတ်ထုတ်ခံရခြင်း၊ လုပ်ခလစာမရရှိခြင်းစသည်တို့ ကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုခဲ့ပါသည်။ ကျန်ရှိသော ၆ ရာခိုင်နှုန်းမှာ အကြမ်းဖက်မှု/ခြိမ်းခြောက်မှုများ/ခွဲခြားဆက်ဆံခံရခြင်းစသည်တို့ ကြုံတွေ့ခဲ့ရကြောင်း ဆိုပါသည်။ ရှမ်းပြည်နယ်မှ ဖြေဆိုသူ ၂ ရာခိုင်နှုန်းသာလျှင် ဖော်ပြပါရွေးချယ်စရာများသည် ၎င်းတို့နှင့် ကိုက်ညီမှုမရှိကြောင်း ဖြေဆိုခဲ့ပါသည်။

ရှမ်းပြည်နယ်၏ နေရပ်ပြန်များသည် နေရပ်မပြန်လာမီကတည်းက ဆိုးဝါးသောအရာများ ကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုခဲ့ကြသည်။ ၂၇ ရာခိုင်နှုန်းမှာ ခွဲခြားဆက်ဆံခံရခြင်း/ နှိမ်ချအပြစ်တင်ခြင်း (stigma) (အမျိုးသမီး ၂၉ရာခိုင်နှုန်း နှင့် အမျိုးသား ၂၀ ရာခိုင်နှုန်း) နှင့် ၂၂ ရာခိုင်နှုန်းမှာ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ တိုးလာခြင်းကို ကြုံတွေ့ခဲ့ရကြောင်းဖြေဆိုခဲ့ကြပါသည်။ ထက်ဝက်နီးပါးဖြစ်သော ၄၆ ရာခိုင်နှုန်းမှာမူ လေ့လာအကဲခတ်မှုတွင် ဖော်ပြပါရွေးချယ်စရာများသည် ၎င်းတို့နှင့် ဆက်စပ်မှုမရှိဟု ဖြေဆိုခဲ့ပါသည်။ ကျန်ရှိသော ၅ ရာခိုင်နှုန်းမှာ ၎င်းတို့နေရပ်မပြန်ခင်ကတည်းက ခြိမ်းခြောက်ခြင်းများ၊ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း သို့မဟုတ် အခြားသောစိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုခဲ့ပါသည်။

အသွားအလာကန့်သတ်စောင့်ကြည့်ရန်နေရာများ (community quarantine facilities) နှင့် နေအိမ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း တစ်ခုမဟုတ် တစ်ခုဖြင့် ပြည်တွင်း နှင့် ပြည်ပနေရပ်ပြန်များကို အသွားအလာကန့်သတ်စောင့်ကြည့်ရန် လိုအပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် နေရပ်ပြန် ၉၆ ရာခိုင်နှုန်းမှ ၎င်းတို့အား ပုံစံအချို့ဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ပြုလုပ်ရန် တောင်းဆိုခြင်းခံခဲ့သည်ဟု ဖြေဆိုခဲ့ပြီး ၉၄ ရာခိုင်နှုန်းမှ ၎င်းတို့အား ဖော်ပြပါ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း နည်းလမ်းများထဲမှ တစ်ခုခုဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းကို ခံခဲ့သည်ဟုဖြေဆိုပြီး၊ ၅ ရာခိုင်နှုန်းဝန်းကျင်လောက်သာ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းမပြုလုပ်ခဲ့ဟု ဆိုပါသည်။ ရှမ်းပြည်နယ်မှ နေရပ်ပြန်များ အသွာအလာကန့်သတ်စောင့်ကြည့်ခြင်းအတောအတွင်း ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများကိုလည်း ပြောကြားခဲ့ကြသည်။ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံနေစဉ်တွင် ၃၃ ရာခိုင်နှုန်းသော



နေရပ်ပြန်များမှ ကာကွယ်ရေး နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ မလုံလောက်ဟု ဖြေဆိုခဲ့ပြီး၊ ၁၉ ရာခိုင်နှုန်းကမူ တစ်ကိုယ်ရည်သုံး သန့်ရှင်းရေးပစ္စည်းများ (WASH) ပံ့ပိုးမှုများ မလုံလောက်ဟုဖြေဆိုခဲ့ကြသည်။ ၁၁ ရာခိုင်နှုန်းကမူ အစားအစာ လုံလောက်မှု မရှိဟု ဖြေဆိုခဲ့ပါသည်။

## စီးပွားရေးအခြေအနေ

ရွှေ့ပြောင်းသွားလာသူများ နေရပ်ပြန်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံရှိ အိမ်ထောင်စုများသည် ဝင်ငွေမရှိခြင်းအခြေအနေဖြင့် ရုန်းကန်နေရပြီး၊ ရှမ်းပြည်နယ်သည်လည်း အကျိုးဆက်အနေဖြင့် စီးပွားရေး နှင့် လူမှုရေးစိန်ခေါ်မှုများ ရင်ဆိုင်နေကြရသည်။ ရှမ်းပြည်နယ်၏ လေ့လာဆန်းစစ်မှုကောက်ခံခဲ့သော နေရပ်ပြန်များထဲမှ ၄၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ အဓိက/တစ်ခုတည်းသော ဝင်ငွေဖြစ်သည့် လွှဲပို့ငွေ လက်ခံမရရှိတော့ဟု ဖြေဆိုပြီး (**ဇယား – ၂** ကို ကြည့်ပါ)၊ ထိုထဲတွင် အမျိုးသား ၄၂ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၅၁ ရာခိုင်နှုန်း ပါဝင်သည်။ နေရပ်ပြန် ၃၄ ရာခိုင်နှုန်းမှ လွှဲပို့ငွေသည် ၎င်းတို့အိမ်ထောင်စု၏ အဓိက/တစ်ခုတည်းသော ဝင်ငွေမဟုတ်ဟု ဖြေဆိုကာ၊ ၁၀ ရာခိုင်နှုန်းကမူ လွှဲပို့ငွေသည် ၎င်းတို့ အိမ်ထောင်စုအတွက် အဓိက/တစ်ခုတည်းသော ဝင်ငွေဖြစ်သော်လည်း နဂိုလက်ခံရရှိနေသည့် တူညီသော လွှဲပို့ငွေပမာဏကို ဆက်လက် လက်ခံရရှိနေဆဲဖြစ်ကြောင်း ဖြေဆိုပါသည်။


လွှဲပို့ငွေဆုံးရှုံးခြင်းသည် ရွှေ့ပြောင်းသွားလာသူများ၊ ၎င်းတို့၏ မိသားစုဝင်များ နှင့် လူမှုပတ်ဝန်းကျင်ကို ပုံစံအမျိုးမျိုးဖြင့် သက်ရောက်ခဲ့ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသောစီးပွားရေးအရ ဖိအားကို ခံနိုင်စွမ်းသည် ဒေသတစ်ခုနှင့်တစ်ခု၊ အိမ်ထောင်စု တစ်စု နှင့်တစ်စု ကွာခြားသည်။ ရှမ်းပြည်နယ်တွင် လေ့လာဆန်းစစ်မှု ကောက်ခံခဲ့သော နေရပ်ပြန်များ၏ ၇၁ ရာခိုင်နှုန်းမှာ ၎င်းတို့အိမ်ထောင်စုတွင် စုဆောင်းငွေ မရှိဟုဖြေဆိုခဲ့ပြီး (အမျိုးသား ၇၃ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၆၈ ရာခိုင်နှုန်း)၊ ၁၈ ရာခိုင်နှုန်းမှာ ၎င်းတို့တွင် စုဆောင်းငွေရှိသော်လည်း ပြန်လည်အသုံးပြုရမှု မြင့်တက်နေကြောင်း ဖြေဆိုခဲ့ပါသည်။ အခြားသော ၁၁ ရာခိုင်နှုန်းကမူ ၎င်းတို့တွင် စုဆောင်းငွေရှိပြီး ပြန်လည်အသုံးပြုရန် မလိုအပ်သေးဟု ဖြေဆိုခဲ့ပါသည်။

လွှဲပို့ငွေလက်ခံရရှိမှု ကျဆင်းသွားသည်နှင့် တပြိုင်တည်း စီးပွားရေး ကြားခံ (အခြားစီးပွားရေး) မရှိသော အိမ်ထောင်စုများသည် ၎င်းတို့၏ စီးပွားရေးအခက်အခဲကို ဖြေရှင်းရန်အတွက် အခြားနည်းလမ်းများ ရှာဖွေခဲ့ကြသည်။ အချို့သော အိမ်ထောင်စုများသည် ဝင်ငွေမရှိတော့ခြင်းကို ဖြေရှင်းရန် အကြွေးများ ရယူကြပြီး၊ ၎င်းအခြေအနေသည် အချို့သောမိသားစုများ၏ လက်ရှိ ရှိနေသော အကြွေးနှံ့နစ်မှုအား ပိုမိုဆိုးဝါးလာစေပါသည်။ သို့သော်လည်း လေ့လာအကဲခတ်မှုထဲတွင် ရှမ်းပြည်နယ်မှ နေရပ်ပြန်များ၏ ကြွေးမြီတင်ရှိနေမှုမှာ အနည်းဆုံးဟု ဖော်ပြပါရှိပါသည်။ ရှမ်းပြည်နယ်တွင်ကောက်ခံခဲ့သော နေရပ်ပြန်များ၏ ၈ ရာခိုင်နှုန်းသာလျှင် ၎င်းတို့အိမ်ထောင်စုတွင် အကြွေးများ ပေးရန်ရှိကြောင်း နှင့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ပိုမိုဆိုးရွားလာကြောင်း ဖြေဆိုခဲ့သည် (အမျိုးသား ၁၀ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၇ ရာခိုင်နှုန်း)။ ၂၁ ရာခိုင်နှုန်းမှ ၎င်းတို့တွင် အကြွေးများ ပေးရန်ရှိသော်လည်း ၎င်းသည် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကြောင့်မဟုတ်ဟုဖြေဆိုပြီး၊ နေရပ်ပြန် ၇၁ ရာခိုင်နှုန်းကမူ ၎င်းတို့တွင် အကြွေးပေးရန် မရှိဟု ဖြေဆိုခဲ့ပါသည်။

## ရည်ရွယ်ချက်များ

ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ် နေရပ်ပြန်များကို မည်သို့ဆက်လက်

ဇယား (၂) လွှဲပို့ငွေ



လုပ်ကိုင်ရမည်နှင့်ပတ်သက်၍ စဉ်းစားရန် လှုံ့ဆော်နေပြီဖြစ်သည်။ နေရပ်ပြန် ၅၅ ရာခိုင်နှုန်းမှ ၎င်းတို့ ပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်ရှိသည်ဟု ဖြေဆိုပါသည်။ နှိုင်းယှဉ်ချက်အရ ရှမ်းပြည်နယ်၏ ဖြေဆိုသူ ၁၆၁ ဦး သို့မဟုတ် ၄၅ ရာခိုင်နှုန်းမှာ ပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်ရှိသည်ဟု ဖြေဆိုပြီး၊ လေ့လာဆန်းစစ်မှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်နည်းသော ဖြေဆိုသူများမှ ပြန်လည်ရွှေ့ပြောင်းသွားရန် အစီအစဉ်မရှိဟု ဖြေဆိုခဲ့ကာ၊ ကျန်သောနေရပ်ပြန်များမှာ ၎င်းတို့ပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်မရှိ (သို့မဟုတ်) မည်သို့ ဆက်လုပ်ရမည်ကို မသိသေးကြောင်း ဖြေဆိုခဲ့ပါသည်။ ထိုသို့ ပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်ရှိသူများထဲမှ ၄၆ ရာခိုင်နှုန်းသည် ဖြစ်နိုင်လျှင် မကြာမီအချိန်အတောအတွင်း ပြန်လည်ပြောင်းရွှေ့လိုကြောင်း၊ ၂၃ ရာခိုင်နှုန်းမှာ မည်သည့်အချိန် ပြန်လည်ပြောင်းရွှေ့ရမည်မသိသေးကြောင်း၊ ၁၈ ရာခိုင်နှုန်းမှာ မည်သည့်အချိန်တွင် ပြန်လည်ရွှေ့ပြောင်းမည်ကို ဖော်ပြထားခြင်းမရှိဟူ၍လည်းကောင်း၊ ၇ ရာခိုင်နှုန်းမှာ နောက်နှစ်တွင် ပြန်လည်ပြောင်းရွှေ့မည်ဟု လည်းကောင်း၊ အခြား ၇ ရာခိုင်နှုန်းမှာ လာ မည့် ၁လ မှ၃လ အတောအတွင်း ပြန်လည်ပြောင်းရွှေ့ရန် အစီအစဉ်ရှိသည်ဟုလည်းကောင်း အသီးသီးဖြေဆိုခဲ့ကြသည်။

အမျိုးသား (၄၉ ရာခိုင်နှုန်း) သည် အမျိုးသမီး (၄၂ ရာခိုင်နှုန်း) ထက်ပို၍ ဖြစ်နိုင်လျှင် အမြန်ဆုံးပြန်လည်ပြောင်းရွှေ့လိုကြပြီး၊ အမျိုးသမီး (၂၆ ရာခိုင်နှုန်း) မှာမူ အမျိုးသား (၁၉ ရာခိုင်နှုန်း)ထက် မည်သို့ပြုလုပ်ရမည် မသိသေးကြောင်း ဖြေဆိုခဲ့သည်။ ထိုင်းနိုင်ငံမှ နေရပ်ပြန် ၄၈ ရာခိုင်နှုန်းမှ ၎င်းတို့ ဖြစ်နိုင်လျှင် အမြန်ဆုံးပြန်လည် ရွှေ့ပြောင်းရန် စီစဉ်နေကြောင်း ဖြေဆိုခဲ့ကြသည် (နှိုင်းယှဉ်မှုအရ တရုတ်နိုင်ငံမှ နေရပ်ပြန်များသည် ဖြစ်နိုင်လျှင် အမြန်ဆုံးပြန်လည်ရွှေ့ပြောင်းရန် စီစဉ်နေသူ မရှိပါ)။

ရှမ်းပြည်နယ်၏ နေရပ်ပြန် ၈၂ ရာခိုင်နှုန်းမှ ၎င်းတို့ ယခင်အလုပ်လုပ်ကိုင်ခဲ့သောနေရာကိုသာ ပြန်လည်ပြောင်းရွှေ့လိုသည် ဟုဖြေဆိုပြီး(အမျိုးသား ၇၉ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၈၆ ရာခိုင်နှုန်း)၊ ကျန်သောသူများမှ အခြားနေရာတစ်ခုခုကို ရွှေ့ပြောင်းရန် စီစဉ်မည်ဟု ဖြေဆိုခဲ့ပါသည်။ ၇၇ ရာခိုင်နှုန်းမှ ၎င်းတို့ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုမတိုင်ခင် လုပ်ကိုင်ခဲ့သော အလုပ်ကိုသာ ပြန်လည်လုပ်ကိုင်ရန် ဆန္ဒရှိသည်ဟုဖြေဆိုခဲ့ကြပြီး (အမျိုးသား ၇၂ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၈၄ ရာခိုင်နှုန်း)၊ ကျန်သောသူများမှ အခြားအလုပ်ရှာဖွေမည်ဟု ဖြေဆိုခဲ့သည်။ ရှမ်းပြည်နယ်၏ နေရပ်ပြန်များထဲမှ ပြန်လည်ရွှေ့ပြောင်းရန် ဆန္ဒမရှိသူများထဲတွင် ၉၁ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးကဏ္ဍများ၊ ၅ ရာခိုင်နှုန်းမှ အခြားအလုပ် နှင့် ၄ ရာခိုင်နှုန်းမှ ကျပန်းအလုပ်ကို လုပ်ကိုင်မည်ဟု အသီးသီး ဖြေဆိုခဲ့ကြသည်။

နေရပ်ပြန်ရွှေ့ပြောင်းသူများ နှင့် ၎င်းတို့၏မိသားစုများသည် COVID-19 နှင့်သက်ဆိုင်သည့် ခရီးသွားလာရေး ကန့်သတ်ချက်များကို ဖယ်ရှားခြင်း သို့မဟုတ် လျှော့ချခြင်း နှင့် ပတ်သက်၍ မည်သို့ ဖြစ်မည်ကို စောင့်ကြည့်နေစဉ် ဝင်ငွေအရင်းအမြစ်မရှိဘဲ နေထိုင်ရသော ၎င်းတို့အတွက် ချက်ချင်း ကူညီထောက်ပံ့ရန် လိုအပ်သောအရာများရှိနေသည်။

ရှမ်းပြည်နယ်၏ လေ့လာဆန်းစစ်မှုကောက်ခံခဲ့သော နေရပ်ပြန်များထဲမှ ၂၈ ရာခိုင်နှုန်းမှာ အစားအစာထောက်ပံ့ခြင်းသည် ၎င်းတို့အတွက် အရေးအကြီးဆုံး လိုအပ်မှုဖြစ်သည်ဟု ဖြေဆိုခဲ့ပြီး(အမျိုးသား ၂၆ ရာခိုင်နှုန်း နှင့်အမျိုးသမီး ၂၉ ရာခိုင်နှုန်း)၊ ၂၅ ရာခိုင်နှုန်းမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာထောက်ပံ့မှု (အမျိုးသား ၂၇ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၂၃ ရာခိုင်နှုန်း)၊ ၁၅ ရာခိုင်နှုန်းမှ သွားတိုက်ဆေး၊ ဆပ်ပြာအစရှိသည့် တစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်းများ (အမျိုးသား ၁၃ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၁၆ရာခိုင်နှုန်း) ဟု အသီးသီးဖြေဆိုခဲ့ကြသည်။ အခြားသော ၁၂ ရာခိုင်နှုန်းမှာ နိုင်ငံသားဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ရန် အထောက်အပံ့များ လိုအပ်နေကြောင်း ဖြေဆိုခဲ့ပြီး၊ ၅ ရာခိုင်နှုန်းမှ အမိုးအကာများ နှင့် ကျန်ရှိသော ၁၂ ရာခိုင်နှုန်း၏ လိုအပ်သည့် အထောက်အပံ့ညွှန်းဆိုမှုများမှာ အဝတ်အထည်များ၊ တရားရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ (legal assistance)၊ ကျန်းမာရေးစောင့် ရှောက်မှု နှင့် “အခြား” အပြင် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများ လိုအပ်သည်ဟု ဖြေဆိုခဲ့ကြသည်။ ချက်ချင်း (လတ်တလော) လိုအပ်နေသောအရာများကို ဖြေဆိုရာတွင် အမျိုးသား နှင့် အမျိုးသမီးများ၏ လိုအပ်ချက်မှာ တူညီပါသည်။

ယခုကမ္ဘာ့ကပ်ရောဂါထိန်းချုပ်နိုင်မှု အခြေအနေတိုးတက်လာလျှင် ချက်ချင်း(လတ်တလော)ထောက်ပံ့ရန် လိုအပ်သောအရာများအပြင်၊ နေရပ်ပြန်ရွှေ့ပြောင်းသူများ နှင့် ၎င်းတို့၏ မိသားစုများအတွက် စီးပွားရေး၊ လူမှုရေး နှင့် စိတ်ပိုင်းဆိုင်ရာ အားပေးမှုများ လိုအပ်ပါလိမ့်မည်။ ရှမ်းပြည်နယ်၏ လေ့လာဆန်းစစ်မှု ကောက်ခံခဲ့သော နေရပ်ပြန်များထဲမှ ၂၃ ရာခိုင်နှုန်းသည် ပြန်လည်ရွှေ့ပြောင်းခြင်း နှင့်/ သို့မဟုတ် ပြည်ပနိုင်ငံတွင် အလုပ်အကိုင်ရှာဖွေခြင်းအတွက် အကူအညီမှ အကျိုးအမြတ်ဖြစ်ထွန်းလိုသည် ဖြေဆိုခဲ့ပြီး၊ ၂၀ ရာခိုင်နှုန်းမှလည်း စီးပွားရေးစတင်လုပ်ကိုင်ခြင်းမှ အကျိုးအမြတ်ဖြစ်ထွန်းလိုသည်ဟု ဖြေဆိုကာ၊ ၁၈ ရာခိုင်နှုန်းမှာ ကျွမ်းကျင်မှုဆိုင်ရာ သက်မွေးပညာသင်တန်းရရှိခြင်း နှင့် ၁၁ ရာခိုင်နှုန်းမှ ၎င်းတို့ နေရပ်တွင် အလုပ်အကိုင်ရရှိစေရန် အထောက်အပံ့ပေးခြင်းတို့မှ အကျိုးအမြတ်ရလိုသည် ဟုဖြေဆိုခဲ့ကြသည်။ အခြားသော ၉ ရာခိုင်နှုန်းမှ စိတ်ပိုင်းဆိုင်ရာ/ psychosocial အထောက်အပံ့များသည် အကောင်းဆုံးအကူအညီဟု ဖြေဆိုခဲ့ပြီး၊ ၈ ရာခိုင်နှုန်းကမူ မည်သည့် အထောက်အပံ့လိုအပ်သည်ကို မသိဟု ဖြေဆိုခဲ့သည်။ ယခုအခြေအနေအား တိုးတက်စေရန်အတွက် ချက်ချင်းထောက်ပံ့ရန် လိုအပ်သောအရာများအပေါ် အမျိုးသားများ နှင့် အမျိုးသမီးများ၏ ဖြေဆိုမှုမှာ တူညီသည်။

## နိဂုံး

ရှမ်းပြည်နယ်သို့ပြန်လာသော နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများ၏ အတွေ့အကြုံများကို လေ့လာရာမှ တွေ့ရှိချက်များအရ ကမ္ဘာ့

ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရှမ်းပြည်နယ်၏ နေရပ်ပြန်ရွှေ့ပြောင်း လုပ်သားများ နှင့် ၎င်းတို့၏ မိသားစုများ၏ စီးပွားရေး နှင့် လူမှုရေးကို ကျယ်ပြန့်နက်နဲစွာ သက်ရောက်မှုသည်ဟု ညွှန်ပြနေပါသည်။ ရှမ်းပြည်နယ်၏ နေရပ်ပြန် ထက်ဝက်အကျော်မှ ၎င်းတို့နေရပ်မပြန်ခင်ကတည်းက အလုပ်ဆုံးရှုံးခဲ့ကြောင်းဖြေဆိုခဲ့ပြီး၊ သုံးပုံတစ်ပုံထက် အနည်းငယ်သာ နည်းသောသူများမှ ၎င်းတို့ နေရပ်မပြန်မီ ခွဲခြားဆက်ဆံခံရမှု/နှိမ်ချအပြစ်တင်ခြင်း (stigma) များကို ကြုံတွေ့ခဲ့ရကြောင်းဖြေဆိုပါသည်။ ရှမ်းပြည်နယ်၏ နေရပ်ပြန်များ၏ အိမ်ထောင်စုများထဲမှ ထက်ဝက်နီးပါးသည် ၎င်းတို့၏ အဓိက/တစ်ခုတည်းသော ဝင်ငွေဖြစ်သည့် လွှဲပို့ငွေလက်ခံမရရှိတော့ပြီဖြစ်ပြီး၊ စုဆောင်းငွေမရှိသော အိမ်ထောင်စု နှင့် စုဆောင်းငွေရှိသော်လည်း ပြန်လည်သုံးစွဲရမှု မြင့်တက်လာသော အိမ်ထောင်စု နှစ်ခုစလုံး၏ ရာခိုင်နှုန်းဖြစ်သော ၉၀ ရာခိုင်နှုန်းကိုလည်း စီးပွားရေးခက်ခဲမှု တစ်ခုအဖြစ် သက်ရောက်လာပါလိမ့် မည်။ အမျိုးသားနှင့်အမျိုးသမီး (၅၀ ရာခိုင်နှုန်းထက် အနည်းငယ် နည်းသော) မှ ၎င်းတို့ အမြန်ဆုံးပြန်လည် ရွှေ့ပြောင်းရန်စီစဉ်ထား ကြောင်းဖြေကြားခဲ့ပြီး၊ အများစုမှာ ယခင်အလုပ် လုပ်ကိုင်ခဲ့သော နေရာကိုသာ ပြန်လည်သွားရောက်ရန် စီစဉ်မည် ဟုဖြေကြားခဲ့သည်။ ပြန်လည်ရွှေ့ပြောင်းရန် အစီစဉ်မရှိသူများထဲတွင် အများစုမှာ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်ရန် ဆန္ဒရှိကြသည်။ ယခုအခြေအနေ တွင် သုံးပုံ တစ်ပုံ နီးပါးဖြစ်သော နေရပ်ပြန်များမှ အစားအစာ အထောက်အပံ့ လိုအပ်သည်ဟုဖြေဆိုခဲ့ပြီး၊ အခြား ၂၅ ရာခိုင်နှုန်းကမူ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီများ တောင်းဆိုထားပါ သည်။



ရှမ်းပြည်နယ်ရှိ အိုင်အိုအမ် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော ပါရမီဖွံ့ဖြိုးရေးကွန်ယက် (PDN) မှ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများအတွက် WASH တစ်ကိုယ်ရည်သုံးပစ္စည်းများကို အမျိုးအစားခွဲနေစဉ်။ © အိုင်အိုအမ် ၂၀၂၀


**ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)**

လိပ်စာ – အမှတ် (၅၀/ခ)၊ သီရိမင်္ဂလာ ၂ လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။

ဖုန်း – (+၉၅) ၉ ၇၃၂၃၆၆၇၉-၈၀၊ (+၉၅) ၁ ၅၃၂၂၇၉၊ ၅၂၃၅၀၉ ဖက်စ် – (+၉၅) ၁ ၅၃၂၂၇၉ အီးမေးလ် – iomyangon@iom.int

ဝက်ဘ်ဆိုဒ် – myanmar.iom.int/en ဖေ့စ်ဘွတ်ခ် – facebook.com/MissMigration